## သမ္မာကျမ်းဆိုင်ရာအတွေးအမြင် - ဘယ်သောအခါမျှအရှုံးမပေးပါနှင့်။



သမ္မာကျမ်းစာထဲရှိလူပုဂ္ဂိုလ်များထဲတွင် ကျွန်ုပ်အနှစ်သက်ဆုံးသောသူတစ်ဦးမှာ ယောသပ်ဖြစ်သည်။ သူ့အကြောင်းကို ကမ္ဘာဦးကျမ်း အခန်းကြီး ၃၇-၅၀ တွင်ဖော်ပြထားသည်။ ယောသပ်၏ ဖခင်ဣသရေလ သည် ယောသပ်ကို အခြားသောညီအစ်ကို ၁၁ယောက်ထက်ပိုချစ်၍မျက်နှာသာ ပေးခဲ့သော်လည်း ယောသပ်၏ အသက်တာတွင် မတရားမှုများကိုကြုံတွေ့ခဲ့ရသည်။ အစ်ကိုများက သူ့ကိုရေတွင်း ထဲပစ်ချ၍ ကျွန်အဖြစ်တိုင်းတစ်ပါးသို့ရောင်းစားခဲ့ကြသည်။ ခါနန်ပြည်မှ အီဂျစ်ပြည်သို့ ရောက်ရှိ သွားခဲ့ပြီး သခင်ဖြစ်သူ၏မိန်းမက မတရားစွပ်စွဲခဲ့သောကြောင့် ထောင်ထဲသို့ရောက်ခဲ့ရသည်။ ထောင်ထဲတွင် ဘုရားသခင်ကသူ့ကိုကာကွယ်စောင့်ရှောက်ခဲ့ပြီး ဖာရောဘုရင်၏အိပ်မက်အနက် အဓိပ္ပာယ်ကို ဖော်ထုတ်ပြောဆိုနိုင်ခဲ့သောကြောင့် မျက်နှာသာရကာ အီဂျစ်ပြည်၏ဘုရင်ခံ နေရာ အထိဖြစ်လာခဲ့သည်။ ထိုသို့ဘုရင်ခံဖြစ်လာပြီး  ၇နှစ်တိုင်အစာငတ်မွတ်ချိန်တွင် ယောသပ်အနေဖြင့် လူများစွာ၏အသက်ကို ကယ်တင်ပေးနိုင်ခဲ့သည်။

ခါနန်ပြည်မှ အီဂျစ်ပြည်သို့ စားစရာလာရှာသော ယောသပ်၏အစ်ကိုများသည် ယောသပ်၏အဖြစ်မှန်ကို သိရသည့်အခါတွင် ယောသပ်အနေဖြင့် လက်စားချေမည်ကို ကြောက်ရွံ့ခဲ့ကြသော်လည်း ယောသပ် အနေဖြင့် ခါးသီးမှု၊အမုန်းတရား၊လက်စားချေခြင်း စသည်တို့ဖြင့်မတုံ့ပြန်ခဲ့ဘဲ ကြုံတွေ့ခဲ့ရသည့် မတရား မှုများကို ယုံကြည်ခြင်းမျက်စိဖြင့်ကြည့်မြင်၍သာ အကောင်းဆုံးတုံ့ပြန်ခဲ့သည်။ ယောသပ်၏ပြောစကား မှာခရစ်ယာန်ယုံကြည်သူတို့အဖို့ လက်ဆင့်ကမ်းသယ်ဆောင်၍အသက်ရှင်ရသောစကားတစ်ခု

ဖြစ်လာခဲ့သည်။ ယောသပ်ပြောခဲ့သည်မှာ "သင်တို့သည်ကျွန်ုပ်ကိုညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည်ယနေ့ဖြစ်သည်အတိုင်း၊လူများအသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏" ဟူ၍ဖြစ်သည်။ (ကမ္ဘာဦးကျမ်း ၅၀း၂၀)

ယောသပ်ကဲ့သို့ပင် သင်တို့သည်လည်း မတရားမှုများကို ခံစားနေရလျက်ရှိသည်ကို ကျွန်ုပ်သိပါသည်။ မြန်မာပြည်တွင်နေထိုင်ရသူများ၊ ဒုက္ခသည်စခန်းများ၊ ထောင်များ၊ အခြားပို၍ခက်ခဲသောနေရာများတွင်နေထိုင်နေလျက်ရှိပြီး အနာဂတ်မသေချာမရေရာဘဲ၊ အကြမ်းဖက်သူတို့၏လက်ထဲတွင် နေ့စဉ်ဘဝကိုဖြတ်သန်းနေရလျက်ရှိသည်ကို ကျွန်ုပ်သိပါသည်။ သို့သော်ဤသို့တွေ့ကြုံခံစားနေရခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်သူကြံစည်ထားသော သင့်ဘဝတစ်ခုလုံး၏အစီအစဉ်အပြည့်မဟုတ်သေးပါ မိတ်ဆွေ။

ထိုင်းနိုင်ငံအနောက်ပိုင်းဒေသရှိ ဒုက္ခသည်များနှင့်အတူ သင်ကြားခြင်း၊တရားဟောခြင်း၊အမှုတော်ဆောင် ခြင်းကို လုပ်ဆောင်သည့်အခါ ထိုသူတို့၏ယုံကြည်ခြင်းကို ကျွန်ုပ်အံ့သြရသည်။ သူတို့သည် ပညာသင်ယူ ကြသည်၊ အခြားသူများကိုမစကူညီကြသည်၊ ဧဝံဂေလိတရားကိုဟောပြောကြသည်၊ ဆေးဝါးကုသကြ သည်၊ ငွေကြေးများမတည်စုဆောင်း၍ စစ်ရှောင်များအတွက်ကူညီကြသည်၊ ကလေးများကို ပညာသင်ပေးကြသည်၊ လူကြီးသူမများထံသွား၍ မေတ္တာပြကြသည်၊ အခြားသော ကောင်းမွန်သည့်အစီအစဉ်များစွာကိုလည်းလုပ်ဆောင်နေကြသည်။ဘဝကိုအရှုံးမပေးဘဲ အသက်ရှင် နေထိုင်ကြသည်။ထိုသို့အသက်ရှင်ကြသည့်အခါ သူတို့အတွက်လည်းမျှော်လင့်ခြင်းတည်ဆောက်ရာ ဖြစ်သကဲ့သို့၊ ဝန်းကျင်ရှိသူများအတွက်လည်းအကျိုးကိုယူဆောင်လာပေးပါသည်။

ထို့ကြောင့် သင့်အနေဖြင့်လည်း ဘုရားကိုဆက်လက်၍ယုံကြည်ကိုးစားပါ။ အဆိုးဆုံးအခြေအနေ၌ပင် ဘုရားသခင်သည် အကောင်းဆုံးအရာကိုဖန်တီးပေးနိုင်သည်ကို ယုံကြည်ထားပါ။ ဘုရားကသင့်အတွက် မည်သို့အလုပ်လုပ်ပေးနေသည်ကို သင့်အနေဖြင့်အပြည့်အဝနားလည်နိုင်မည်မဟုတ်ပေ။ မဖြစ်နိုင်သောအခြေအနေ၌ပင်လျှင် အကောင်းဆုံးဖြစ်လာနိုင်သည်ကို ယုံကြည်ထားလျက်၊ အရှုံးမပေးဘဲ ဘုရားကိုသာယုံကြည်ကိုးစား၍ အကောင်းဆုံးနေထိုင်အသက်ရှင်ပါ မိတ်ဆွေ။ သင့်အားဖြင့်ဘုရားသခင်သည် ကောင်းသည့်အရာကို ဖြစ်ပေါ်လာမည်ကိုယုံကြည်ထားရန်လိုသည်။

ဘုရား၏အလိုတော်နှင့်ရည်ရွယ်ချက်ကိုလုပ်ဆောင်ရန် သင့်ကိုဘုရားကရွေးချယ်ထားပါသည်။
သင့်ဘဝ သည်အရေးပါနေဆဲဖြစ်သည်။ ဤအရာကိုယုံကြည်လျက်၊
အသက်ရှင်လျှောက်လှမ်းဖို့ရန်ဖြစ်သည်။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

"ငါတို့သည်အားမလျော့စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ထိုသို့တည်ကြည်၍ကျင့်လျှင်အချိန်တန်သောကာလ၌အသီးအနှံကိုရိတ်ရကြလိမ့်မည်။" (ဂလာတိ ၆း၉)

Timothy C. Geoffrion သည်သင်းအုပ်တစ်ဦးအဖြစ်ဆက်ကပ်ခဲ့ပြီး ယခုချိန်တွင် Faith, Hope and Love Global Ministries (www.fhlglobal.org) တွင် ၁၇နှစ်တိုင်ဦးဆောင်သူအဖြစ် လုပ်ကိုင်နေလျက် ရှိသည်။ သူသည် ကွန်ဂိုနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများရှိ ကျမ်းစာကျောင်းသားများ၊ သင်းအုပ် ဆရာများ၊ ဓမ္မအမှုတော်ဆောင်များကို သင်ကြားမှုပေး၍ ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင်များ အဖြစ် ဘုရားသခင်၏အမှုတော်မြတ်ထဲတွင် အကျိုးရှိထိရောက်စွာဦးဆောင်ဦးရွက်မှုလုပ်နိုင်ရန်အတွက် သင်ကြားပေးနေလျက်ရှိသည်။

ဓာတ်ပုံ - ထိုင်း-မြန်မာနယ်စပ်ရှိ ထမ်းဟင်ဒုက္ခသည်စခန်းတွင် ဆန်များဝေငှနေပုံ။